mgyoe.com

# အိမ်ထောင်ရေးပြဿနာ

နှင့် အဖြေလွှာများ

ဒေါ်ရီရီကြိန်

ပြန်လည်ရိုက်နှိပ်ခြင်း၊

mgyoe.com

Photo by Element5 Digital on Unsplash

mgyoe.com

# အိမ်ထောင်ရေးပြဿနာ

## နှင့် အဖြေလွှာများ

ဒေါ်ရီရီကြိုန့်

ISBN 9789997110541
DYK4
9 789997 110541
1,300.00KS

mgyoe.com

အိမ်ထောင်ရေးပြဿနာနှင့်အဖြေလွှာများ။ ဒေါ်ရီကြိန်
စာမျက်နှာ ၆၃ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၁ သီဟတာဟုရောင်စုံပုံနှိပ်တိုက်၏ ပထမအကြိမ်မှု၊

ရောင်းဈေး ၁ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# အိမ်ထောင်ရေးပြဿနာ
# နှင့်
# အဖြေလွှာများ

## ဒေါ်ရီကြိုင်

ပြန်လည်ရိုက်နှိပ်ခြင်း။ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


–နိဒါန်း (က)

၁။မယ်တို့တာဝန် ၁

၂။လင်ပြုစုနည်း ၆

၃။မယားနှင့်နွား ၁၁

၄။သားသမီးပြဿနာ ၁၆

၅။မိခင်နှင့်ရင်သွေး ၂၁

၆။သမီးတစ်ကောင်–နွားတစ်ထောင် ၂၆

၇။အိမ်နီးချင်း ၃၁

၈။ညှော်သည်နှင့်အိမ်ရှင် ၃၅

၉။မိန်းမတို့ဣန္ဒြေ ၄၀

၁၀။စနစ်ဇယား ၄၄

၁၁။အိမ်ရှင်မတွက်တာ ခန့်မှန်းခြေငွေစာရင်း ၄၈

၁၂။ဗမာမိတ်ဆုံပွဲ ၅၃

၁၃။ရာဇဝတ်မှုနှင့်အိမ်ထောင်ရေး ၅၉


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# နိဒါန်း

"ဃရာဝါသ၊ ကိစ္စများမြောင်လူတို့ဘောင်"ဟူသော ရှေးလူကြီးတို့စကားအရ လူမှန်သမျှ အိမ်ထောင်သားမွေးကိစ္စနှင့် မကင်းနိုင်ကြသလို ထိုအိမ်ထောင် သားမွေးရေး သည်လည်း ခက်ခဲသော ပြဿနာများနှင့် ရင်ဆိုင်ရသည့်ကိစ္စမျိုးနှင့် မကင်းနိုင်ကြပေ။

ဤစာရေးသူသည် မြန်မာနိုင်ငံ အသံလွှင့်ဌာန ဒုတိယပိုင်းအစီအစဉ်မှ အိမ်ရှင်မ ပြဿနာခန်းကို တာဝန်ယူဖြေကြားနေစဉ် ရောက်ရှိလာသော ပြဿနာပေါင်းမှာ များပြား လှပေသည်။ ပြဿနာအလားတူများလျှင် တစ်ခုတလေသာ ရွေးချယ်ဖြေကြားနိုင်ခဲ့ရုံသာ မက အကြောင်းမညီညွတ်၍ ထိုအခန်းကို ရပ်စဲလိုက်သည့်အခါ မဖော်ပြရသေးသော ပြဿနာပေါင်းမြောက်မြားစွာ ကျန်ရှိပါသေးသည်။

ပြဿနာဖြေကြားရန် တင်ပြလိုက်သော ပုဂ္ဂိုလ်များမှာ မိမိတို့ မျှော်မှန်းထားသည့် အချိန်တွင် အဖြေကို အသံမလွှင့်ဘဲ နားထောင်ရန် အချိန်မရသည့် ကာလအတွင်း အဖြေ များ ပြောကြားလိုက်၍ ကြားနာခွင့်မရသဖြင့် ထပ်မံအသံလွှင့်ရန် မေတ္တာရပ်ခံစာများ အထပ်ထပ်ရောက်ရှိခဲ့ရာ အကယ်၍ စာအုပ်ထုတ်လိုက်ပါက ထိုပြဿနာပြေလည်သွားနိုင် မည်ဟု ယုံကြည်သဖြင့် ဖြေကြားချက်များ စုပေါင်းပြုစုစာအုပ်အဖြစ် ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါကြောင်း။

ဖြေရှင်းနည်းများကို အစဉ်အမြဲ သုံးစွဲတိုင်း အောင်မြင်လိမ့်မည်ဟု တာဝန်မခံနိုင် ပါ။ သို့သော် ဘဝတစ်လျှောက် လက်တွေ့ စာတွေ့ ဆည်းပူးခဲ့သော ဗဟုသုတများကို မိုငြမ်းပြုဖော်ပြထားပါသဖြင့် အများဆုံး အသုံးဝင်နိုင်လိမ့်မည်ဟု ခန့်မှန်းမိပါသည်။

mgyoe.com

mgyoe.com


အလားတူ ပြဿနာများနှင့် ရင်ဆိုင်နေရ၍ အကြပ်အတည်း တွေ့နေရသော အိမ်ထောင်ရှင်များ စမ်းသပ်သုံးစွဲကြည့်ပါက အနည်းနှင့်အများ အကျိုးရှိမည်ဟု ယုံကြည်စွာ ထုတ်ဝေလိုက်ရပါသည်။

အိမ်ထောင်ရှင်များ
ချမ်းသာရွှင်လန်းကြပါစေ။

❑

mgyoe.com

mgyoe.com

# မယ်တို့တာဝန်

မြန်မာနိုင်ငံကြီးမှာ အမျိုးသမီးဦးရေဟာ အမျိုးသားဦးရေထက် များပြားနေတာတစ်ကြောင်း၊ ကျွန်မတို့ပြည်ထောင်စုအမျိုးသမီးတွေဟာ အရှေ့တောင်အာရှမှာဖြင့် လွတ်လပ်တဲ့အခွင့်အရေး အများဆုံးရနေတာတစ်ကြောင်း၊ ကျွန်မတို့အခြေအနေကို ခဏခဏ တွေးမိပါတယ်။ ဒီလိုတွေးမိတိုင်း ကျွန်မတို့အခွင့်အရေးရသလောက် ကျွန်မတို့ တာဝန်တွေဟာဖြင့် တော်တော်ကြီးပါသလားလို့ တွေးမိတာနှင့် ဒီကနေ့တော့ ကျွန်မတို့ တစ်တွေ ထမ်းဆောင်ရမယ့်တာဝန်တွေကို မယ်တို့တာဝန်ဆိုတဲ့ အမည်တပ်ပြီး ပြောခဲ့ချင်ပါတယ်။

အိမ်ထောင်တစ်ခုမှာ ကြွေးတင်ပြီး စားရမဲ့သောက်ရမဲ့ ကသိလင်တဖြစ်နေရင် "မွဲမှာပေါ့၊ သူ့မိန်းမကိုက အသုံးမကျဘဲ ဘာမှမသုံးမစွဲတတ် ခက်ပါတယ်" လို့ တစ်မျိုး၊ တချို့ လင်ယောကျ်ားများ ရာထူးကျသွားတဲ့အခါမှာဆိုရင် ကြားတဲ့လူတွေက "ကျမှာပေါ့အေ... သူ့မိန်းမကိုက နောက်ပိုင်းက အဂတိလိုက်စားအောင် အားပေးနေတာကို၊ သူ့စိန်နားကပ်ပန်ဖို့လောက် စိတ်ကူးနေတော့ လင်က တွေ့တာတွေလုပ်၊ ကြာတော့ လူသိကုန်တာပေါ့" လို့တစ်ဖုံ၊ ကဲ့ရဲ့တာတွေ ကျွန်မနှင့်တကွ သောတရှင် အမျိုးသမီးတွေအားလုံး ကြားဖူးကြ တွေ့ဖူးကြမှာပဲ၊ သားသမီးတွေ မိုက်မဲနေပြန်လည်း ဒီလိုပဲ မိခင်လုပ်တဲ့အမျိုးသမီးကိုပဲ အပြစ်ဆိုကြပြန်တာပါပဲ။

ဒီလိုပါပဲ။ အမေရိကန်သမ္မတကြီး လင်ကွန်းလို ဗြိတိန်က နန်းရင်းဝန်ကြီး ချာချီတို့လို ကမ္ဘာမှာ ထူးချွန်လာပြန်ရင် သူတို့ ချစ်ခင်မြတ်နိုးတဲ့ဇနီးတွေဟာ ဘယ်လိုမိန်းမစားလဲ၊

mgyoe.com

mgyoe.com

သူတို့မွေးမြူခဲ့တဲ့ မိခင်ကြီးတွေဟာ ဘယ်လိုအမျိုးသမီးတွေလဲဆိုတာ သုတေသနလုပ်ကြည့်တဲ့အခါမှာ အလွန်တော်တဲ့ အမျိုးသမီးတွေဖြစ်တာကို တွေ့ရပါတယ်ရှင်။ အလွန်တော်တယ်လို့ ကျွန်မက သာမန်ဖော်ပြတော့ ဘယ်လိုတော်တာတုံးလို့ စောဒကတက်စရာရှိပါတယ်။ မိန်းမများတော်ရင် လင်ယောကျ်ား သားသမီးအဖို့ လှေကား၊ အကွပ်၊ ငြမ်းသဖွယ် ဖြစ်ပါတယ်။ ယောကျ်ားတိမ်းစောင်းရင် ကိုယ်က တည့်မတ်ပေးရပါမယ်။ ယောကျ်ားက စိတ်အားငယ်နေရင် ကိုယ်က စိတ်အားတက်အောင် ဖေးမပေးရပါမယ်။ ကိုယ့်ယောကျ်ားဟာ မပြုသင့် မပြုအပ်တာ ပြုလုပ်မယ်ကြံရင် ကိုယ်က သတိပြန်ပေးသင့်ပါတယ်။ မိန်းမ မကောင်းပြန်ရင် မိန်းမဟာ အမှိုက်နှင့်တူပါတယ်။ အမှိုက်ကစ ပြာသာဒ်မီးလောင်တတ်လို့ ကျွန်မတို့တစ်တွေဟာ ပြာသာဒ်ကို မီးရှို့မည့်မီးစာမဖြစ်ဖို့လိုပါတယ်ရှင်။

ဟိုရှေးတုန်းက မိန်းမဖျက်လို့ ပြည်ပျက်ဆိုတဲ့ ပုံပြင်ဒဏ္ဍာရီတွေကို ကျွန်မက ခေတ်မမီတော့လို့ သာဓကမပြတော့ပါဘူး။ ယခုခေတ်မှာ မကြာသေးခင်က ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကို ပြောပြပါမယ်။ အမေရိကန်နိုင်ငံက အမျိုးသားတစ်ဦးဟာ တော်တော်ပညာထက်မြက်ပြီး တော်တော်လေးမြင့်တဲ့ အဆင့်အတန်းကို ရောက်နေပါပြီ။ ဒီလူဟာ သူ့စီမံကိန်းနှင့်သူ ဖြည်းဖြည်းမှန်မှန် ကြိုးစားနေရင် တစ်နေ့ကျရင် ဝန်ကြီးချုပ်တစ်ဦး ဖြစ်လာနိုင်တဲ့အခြေ ရှိပါတယ်။ ဒီလိုလူတစ်ယောက်ကို သူ့မိန်းမဟာ ညံ့ရမလား၊ ဖျင်းရမလား နေ့စဉ်နှင့်အမျှ နားပူပူဆူဆူလုပ်၊ ပိုက်ဆံမချမ်းသာကောင်းလားလို့ အပြစ်ပြောလုပ်တော့ တစ်နေ့မှာ လင်ဖြစ်တဲ့လူက သူ့အသက်ကို ဒေါ်လာအမြောက်အမြားနှင့် အသက်ပေါင်လုပ်ပြီး အသက်ပေါင်စာချုပ်ကို သူ့မိန်းမနာမည်နှင့် ပြုလုပ်ပြီး သူဟာ ပေါက်ကွဲစေတတ်တဲ့လက်နက်ကို သားရေအိတ်ထဲမှာထည့်ပြီး လေယာဉ်ပျံစီး ခရီးထွက်လိုက်ပါတယ်။ လမ်းခရီးအကြားမှာ သူ့ဗုံးလက်နက်ပေါက်ကွဲပြီး လေယာဉ်ပျံကြီးပျက်ပြီး လေယာဉ်ပျံပေါ်မှာပါတဲ့ ခရီးသည်အားလုံးနှင့် မယားညှဉ်းခံရရှာတဲ့ လင်ယောကျ်ားဟာ အသက်ဆုံးရှုံးသွားရပါတယ်။ ဒီကိစ္စဟာ မိန်းမ နားပူလွန်းလို့ စိတ်ညစ်ညစ်နှင့် ကြံမိကြံရာကြံလိုက်ရာမှာ သူပါမက ကံဆိုးသူ ခရီးသည်အားလုံးပါ ဒီမိန်းမမိုက်ကြောင့် အသက်ဆုံးသွားကြရရှာပါတယ်။ လေယာဉ်ပျံကို ကုမ္ပဏီကစုံစမ်းမှ ဒီကိစ္စပေါ်ပေါက်လာရပါတယ်။ ကျွန်မတို့ မြန်မာအမျိုးသမီးတွေဟာ ဘယ်သူမှ ကိုယ်ချစ်ခင်မြတ်နိုးလို့ လက်ထပ်ယူထားတဲ့ လင်ယောကျ်ားကို ဒီလိုအဖြစ်ဆိုးမျိုးနှင့် တွေ့တာ ကြုံတာ ကြိုက်နှစ်သက်မယ်လို့ မထင်ပါဘူးရှင်။

နိုင်ငံတစ်နိုင်ငံမှာဆိုရင် ယောကျ်ားတွေဟာ အိမ်ထောင်ဝန်ကအစ တိုင်းပြည်ရဲ့ တာဝန်တွေကို ထမ်းဆောင်နေတဲ့ပုဂ္ဂိုလ်ကြီးတွေဖြစ်ပါတယ်။ ဇနီးမယားဖြစ်တဲ့ အမျိုး

mgyoe.com

သမီးတွေဟာ ဒီလိုတာဝန်အမျိုးမျိုးကို ထမ်းဆောင်နေတဲ့ ပါရမီဖြည့်ဖက်တွေ ဖြစ်ပါတယ်။ ယောကျ်ားက လေးစားခြင်းခံရတဲ့ ကျွန်မတို့ မြန်မာအမျိုးသမီးတွေဟာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကလည်း မိန်းမအခွင့်အရေး၊ ယောကျ်ားအခွင့်အရေး မခွဲခြားခဲ့ပါဘူး။ ဒီတော့ ကျွန်မတို့တစ်တွေဟာ ယောကျ်ားတွေနှင့်တူတူ နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးကို အရယူနိုင်တယ်။ လွတ်လပ်ရေးကို ထိန်းသိမ်းပြီး ပြည်ထောင်စုကြီး တည်မြဲရေးကို ဆောင်ရွက်နိုင်တယ်ဆိုတဲ့ အခွင့်အရေးရရှိပါတယ်။ ဒီလိုအခွင့်အရေးတွေနှင့်အမျှ ကျွန်မတို့တစ်တွေဟာ တာဝန်ထမ်းဆောင်ရပါတယ်။

ကျွန်မတို့ မြန်မာအမျိုးသမီးတွေရဲ့တာဝန် ဇနီးမိန်းမအနေနှင့် ဘယ်လိုကျင့်ရမယ်ဆိုတာ ကျွန်မ ၃၈ ဖြာမင်္ဂလာတရားထဲက မင်္ဂလာတရားတစ်ပါးတည်းကျင့်ဖို့ ယခု သတိပေးခဲ့ချင်ပါတယ်။ ခေတ်ကြီးဟာ ဘယ်လောက်ပဲ တိုးတက်နေလို့ အနောက်နိုင်ငံ ဗဟုသုတတွေ ဘယ်လိုပဲ ဆည်းပူးနေကြ နေကြ၊ ဒီမင်္ဂလာတရားကလေးတော့ အိမ်ရှင်မတိုင်း လက်မလွှတ်စေချင်ပါဘူးရှင်။ ဒါကတော့ ဘာလဲဆိုတော့ ဂါရဝမင်္ဂလာကလေးပါပဲ။ ဂါရဝဆိုတာ မြန်မာလိုပြန်တော့ ရိုသေလေးစားခြင်းပါပဲ။ ကျွန်မတို့ ရိုသေလေးစားရမှာ အားလုံး ဆယ်မျိုးတိတိ မှတ်ထားစေချင်ပါတယ်။ ဘာတွေလဲဆိုတော့ ဘုရား၊ တရား၊ သံဃာ၊ သိက္ခာ၊ သမာဓိ၊ သတိ၊ ပဋိသန္ထာရ၊ ဟိရိဩတ္တပ္ပနှင့် ကိုယ့်အချင်းချင်းပါပဲ။ ဘုရား တရား သံဃာဆိုတဲ့ ရတနာသုံးပါး ရိုသေရမယ်ဆိုတာတော့ အထူးတလည် ရှင်းပြဖို့ မလိုလို့ မရှင်းတော့ပါဘူး။ ဗုဒ္ဓဘာသာပဲဖြစ်ဖြစ် အခြားဘာသာဝင်တွေပဲဖြစ်ဖြစ် ဒါကတော့ အခါမရွေး လေးစားရိုသေစမြဲပါပဲ။

သိက္ခာကို ရိုသေခြင်းဆိုတာကတော့ လူတိုင်းဟာ ကိုယ့်ဂုဏ်သိက္ခာ ကိုယ့်ဘဝအခြေအနေအလိုက် လူတိုင်းဟာ ကျင့်ကြံနေထိုင်ဖို့ ကိုယ့်အဆင့်အတန်းကို လေးစားဖို့ပါပဲ။ တခြားကို ဥပမာ မပြပါရစေနှင့်။ ကျွန်မဟာ ခုလို အိမ်ရှင်မတွက်တာ ခန်းကနေပြီး အမျိုးသမီးတွေကို ဘယ်လိုနေ ဘယ်လိုစား ဘယ်လိုလုပ်လို့ ညွှန်ကြားနေပြီး ကျွန်မဟာ ကိုယ်လုပ်နေရတဲ့တာဝန်ကို ပြောနေတဲ့စကားကို မရိုသေဘဲ ကျင့်ကြံနေမယ်ဆိုရင် ကျွန်မဟာ ကိုယ့်သိက္ခာ ကိုယ်မလေးစား မရိုသေတဲ့လူတစ်ယောက်လို့ ဆိုရပါလိမ့်မယ်။ ဒီလိုပါပဲ။ ကျောင်းဆရာမလုပ်တဲ့ အမျိုးသမီးက အတန်းထဲမှာ စာမသင်ဘဲ ဝတ္ထုဖတ်နေမယ်ဆိုရင် ဒါဟာ ကိုယ့်သိက္ခာမရိုသေတဲ့ အမျိုးသမီးပါပဲ။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတဲ့လူရဲ့ဇနီးတစ်ယောက်ဟာ လိုချင်ရမ္မက်နှင့် လက်အောက်ငယ်သားဆီက တံစိုးလက်ဆောင်ယူနေမယ်ဆိုရင် ဒါဟာလည်း သိက္ခာကို မရိုသေတဲ့ကိစ္စပါပဲရှင်။

သမာဓိကို ရိုသေရမယ်ဆိုတာက သမာဓိဆိုတာ တည်ကြည်မှုခေါ်ပါတယ်။

mgyee.com

mgyoe.com
ဒါကတော့ အနေအထိုင် အပြောအဆိုကို ဆိုလိုပါတယ်။ တည်တည်ကြည်ကြည် ပြောရမည့် ဆိုရမည့်နေရာမှာ ပေါ့ပေါ့ဆဆပြော ခွဲခွဲညားညား နေရမည့်ကိစ္စမှာ ကိုယ်နှင့်မဆိုင်ဘဲ ဝင်စွက်တဲ့ကိစ္စမျိုး မပြုအပ်ဘူးလို့ ဆိုလိုပါတယ်ရှင်။

နောက်တစ်ချက်ကတော့ ပဋိသန္ထာရကို ရိုသေရပါမယ်။ ပဋိသန္ထာရဆိုတာ လက်အား နှုတ်အားနှင့် ပေးကမ်းဖော်ရွေမှုကို ဂရုစိုက်ရပါမယ်။ ဒါဟာ အမျိုးသမီးတွေနှင့် အထူး ဆက်စပ်နေပါတယ်။ တစ်ခါတလေကျ ဇနီး မိန်းမတွေ တာဝန်မကျေလို့ ယောကျ်ား အကျိုးပျက်စီးရတာတွေ၊ ဇနီးတွေ ကြိုးကိုင်လို့ ယောကျ်ား လူမုန်းခံရတာတွေဟာ ဒီပဋိသန္ထာရဂါရဝ လက်လွတ်ကုန်ကြလို့ပါပဲ။ ကိုယ်နှင့် ဂုဏ်ချင်းတူသည်ဖြစ်စေ မတူသည်ဖြစ်စေ ဘယ်လိုလူပဲဖြစ်ဖြစ် ကိုယ့်ကို လေးစားလို့ ခင်မင်လို့ အိမ်ကို ဝင်ထွက်တဲ့အခါဖြစ်စေ တွေ့တဲ့ ကြုံတဲ့အခါဖြစ်စေ၊ ပျူပျူငှာငှာ မိတ်ဆွေဝတ်တွေ မချွတ်ယွင်းစေဘဲ ပေါင်းသင်းအပ်ပါတယ်ရှင်။ သဘောနတဲ့ ကျွန်မတို့မိန်းမတွေဟာ တစ်ခါ တစ်ခါ မာနထားပြီး ပဋိသန္ထာရဂါရဝတရား လက်လွတ်တတ်ကြလို့ ဒါလည်း တော်တော်ကလေး သတိထားရမယ့်အချက် မဟုတ်ပါလားရှင်။

ဒီထက်အရေးကြီးတဲ့ တရားနှစ်ပါးကတော့ ဟီရိနှင့် ဩတ္တပ္ပဆိုတဲ့ မကောင်းမှုကို ရှက်ခြင်း၊ ကြောက်ခြင်းတရားပါပဲ။ ဟိရိဩတ္တပ္ပတရားနှစ်ပါးဟာ တိရစ္ဆာန်နှင့် လူကို ပိုင်းခြားထားတဲ့ စည်းဝိုင်းပါပဲ။ ဟိရိဩတ္တပ္ပတရား စည်းဝိုင်းအပြင်ဘက် ထွက်ဝံ့ရင် ကျွန်မတို့ဟာ တိရစ္ဆာန်နှင့် ဘာမှမခြားတော့ဘူးဆိုတာ သတိပြုရပါမယ်။

နောက်ဆုံး ဂါရဝတရားကတော့ ကိုယ့်အချင်းချင်းထားရမည့် ဂါရဝတရားပါပဲ။ ကိုယ့်အချင်းချင်းဆိုတာ လင်နှင့်မယား၊ သားနှင့်အမိ၊ ဆရာနှင့်တပည့် အိမ်နီးချင်း အချင်းချင်း လေးစားရပါမယ်။ ယခုခေတ်ကြီးမှာ ဒီဂါရဝတွေ ပျက်ပြားနေလို့ ကမောက်ကမဖြစ်ကုန်ရပါတယ်။

မယားဟာ လင်ကို ရိုသေလေးစားရင် လင်ရဲ့ရာထူး၊ တာဝန်အလုပ်ကို လေးစားရမယ်။ အစဉ်ပဲ အကျိုးတရားကိုပြုပြီး အပြစ်တွေကို ဖယ်ရှားရပါမယ်။ မိဘကျေးဇူး၊ ဆရာသမား ကျေးဇူးလည်း အထူးလေးစားရပါမယ်။ လူအချင်းချင်းလည်း မလေးမစား မပြုအပ်ပါဘူး။ ကူညီနိုင်ရင် ကူညီ၊ ဖေးမနိုင်ရင် ဖေးမ ပြုရပါလိမ့်မယ်ရှင်။ အဲဒီ ဂါရဝတရားမင်္ဂလာကို အပြည့်ရွတ်ဆိုပြရရင် ဂါရဝေါစ၊ နိဝါတောစ၊ သန္တုဋ္ဌီစ၊ ကတညုတာ၊ ကာလေန၊ ဓမ္မသာဝနံ၊ ဧတံမင်္ဂလမုတ္တမံ လို့ ဆိုရပါမယ်။

ဗမာလိုပြန်ရင် ရိုသေလေးစားထိုက်သူကို ရိုသေလေးစားခြင်း၊ ကိုယ်ကိုနှိမ်ချခြင်း၊ တင်းတိမ်ရောင့်ရဲခြင်း၊ သူ့ကျေးဇူးသိတတ်ခြင်း၊ သင့်လျော်သောအခါ တရားနာခြင်း၊
mgyoe.com

ဤ ငါးပါးဟာ ကောင်းမြတ်တဲ့ မင်္ဂလာရှိတဲ့ကိစ္စပဲလို့ ဆိုလိုပါတယ်။

ကျွန်မတို့ အမျိုးသမီး အိမ်ရှင်မတွေဟာ ဒီမင်္ဂလာတရားကလေးတစ်ခုထဲပဲ ကျင့်နိုင်ရင် ကျွန်မတို့ကြောင့် ဘယ်သူမှ ပျက်စီးဖို့မရှိဘဲ ကျွန်မတို့ကြောင့် အများကြီး အကျိုးဖြစ်ထွန်းစရာရှိပါတယ်။

ဒီတော့ ဒီကနေ့ သောတရှင် အိမ်ရှင်မတွေဟာ တို့ဖြင့် ဒီမင်္ဂလာတရားကလေး ပြည့်စုံအောင် ကြိုးစားဖို့တာဝန်ရှိတယ်။ တို့ ဒီလိုကျင့်ခဲ့ရဲ့လားလို့ စစ်ဆေးပြီး၊ မကျင့်မိသေးရင် ယနေ့ကစပြီး ယုံယုံကြည်ကြည် ကျင့်ကြည့်ပါရှင်။ ပထမဦးဆုံး အိမ်ထောင်သုခ ရပါလိမ့်မယ်။ နောင်တစ်ဆင့် တစ်နိုင်ငံလုံးရဲ့ ငြိမ်းချမ်းရေးပါ ကျွန်မတို့ဟာ အမျိုးသားတွေနှင့် လက်တွဲပြီး အရယူနိုင်လိမ့်မယ်ဆိုတာ ကျွန်မက ရဲရဲကြီးအာမခံရင်း နိဂုံးချုပ်ခဲ့ရပါတယ်ရှင်။

□

mgyoe.com

mgyoe.com

# လင်ပြုစုနည်း

ကျွန်မဟာ အသက် ၁၈ နှစ်မှာ မိဘသဘောတူသူ လင်ယောကျ်ားနှင့် လက်ထပ်ခဲ့ရပါတယ်။ အိမ်ထောင်သာယာရေးအတွက် လင်ပြုစုနည်းကလေးများ ပေးပါဆိုတဲ့ ညီမလေးတစ်ယောက်ရဲ့ စာနှင့်ပတ်သက်ပြီး ဒီနေ့တော့ အိမ်ရှင်မတစ်တွေကို အိမ်ထောင်ရေးနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာတတ်တဲ့ ပြဿနာတွေကို တင်ပြချင်ပါတယ်။ ကျွန်မအနေနှင့်တော့ မှန်တာပြောရရင် လင်ကို ဘယ်လိုပြုစုပြီး ဘယ်လိုထားဆိုတာ တိတိကျကျ အဖြေမပေးတတ်လို့ပဲ ပြဿနာတွေကို တင်ပြပါမယ်လို့ စကားပလ္လင်ခံချင်ပါတယ်။ ကျွန်မတို့ လက်ကလေးငါးချောင်းတောင် တစ်ချောင်းနှင့်တစ်ချောင်း အရှည်အတိုမညီကြတော့ လူတွေဟာလည်း တစ်ယောက်နှင့်တစ်ယောက် စိတ်ချင်း သဘောချင်း မတူကြပါဘူး။ ဘယ်သူက ဘာကြိုက်တတ်တယ်။ ဘယ်သူ့မှာ ဘာချွတ်ယွင်းနေတယ်ဆိုတာ မသိဘဲနှင့် ဘာလုပ်ဘာလုပ်လို့ ကျွန်မက အရမ်းကာရော အကြံပေး၊ နည်းပေးလုပ်လိုက်ရင် ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေးဆိုတာမျိုးဖြစ်ကုန်မှာ စိုးရိမ်လို့ ဖြစ်တတ်ပျက်တတ်တဲ့ပြဿနာတွေကို တင်ပြပါမယ်။

လင်ရယ် မယားရယ် ဖြစ်လာကြရင် မိန်းမနှင့်ယောကျ်ားဟာ နေရာတကာမှာ နှစ်ကိုယ့်တစ်စိတ်ဖြစ်နိုင်ဖို့ ခဲယဉ်းပါတယ်ရှင်။ ဒါပေမဲ့လို့ အများအားဖြင့်တော့ စိတ်ချင်း သဘောချင်း အကြိုက်ချင်း တန်ဖိုးထားတာချင်း တူကြရင်တော့ သင့်မြတ်တာပါပဲ။ အိမ်ထောင်ရေး အဆင်မပြေကြတာဟာ တစ်ယောက်ကိုတစ်ယောက် မလိုက်လျောနိုင်တဲ့သူတွေ တစ်ယောက်အကြောင်း တစ်ယောက် နားမလည်တဲ့သူတွေ အသက် အလွန်အမင်း

mgyoe.com

ကွာခြားတဲ့လူတွေ၊ နောက် ပစ္စည်းအခြေအနေ၊ ပညာအခြေအနေချင်း ကွာခြားတဲ့လူတွေ၊ နောက်အိမ်ထောင်ဖက်ရွေးချယ်ကြတဲ့ ကာယကံရှင်တွေရော မိဘတွေကရော အမျိုးသမီး အနေနှင့် ရာထူးဂုဏ်ရှိတဲ့ ယောကျ်ားကို အဓိကထား အမျိုးသားအနေနှင့်လည်း ရုပ်နှင့် ပစ္စည်း အဓိကထားပြီး နောက်ကြောင်းရာဇဝင် ပညာအခြေခံ စိတ်နေသဘောထား လုပ်ရည်ကိုင်ရည်တွေကို ဆန်းစစ်စုံစမ်းခြင်းမပြုဘဲ ရွေးကြရင် အဆင်မပြေမှုတွေ တွေ့ တတ်ကြတာပါပဲ။ အိမ်ထောင်ရှင်ဘဝနှင့် စိတ်ချမ်းသာမှုမရှိကြရင် ဘာကြောင့် တို့စိတ် မချမ်းသာကြသလဲဆိုတာကို ကာယကံရှင်ဟာ ကိုယ့်ခင်ပွန်းအကြောင်းကို ကိုယ် ဝေဖန် ခြင်းမပြုခင် ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ပြီး အရင်ကြည့်ကြဖို့ ကောင်းပါတယ်။ နောက်ပြီးမှ ခင်ပွန်းဖြစ်တဲ့လူရဲ့ ချွတ်ယွင်းချက်သာမက တန်ဖိုးထားဂုဏ်ယူလောက်တဲ့အချက်တွေပါ ပြန်လည်သုံးသပ် ဆန်းစစ်ကြည့်ဖို့ လိုပါတယ်။

တစ်ခါတစ်ရံ မယားလုပ်တဲ့လူက လင်ကို နေရာတကာလိုက်ပြီး ချုပ်ချယ်လွန်း အားကြီးတော့ လင်က အရွဲ့တိုက်ပြီး ကလန်ကဆန်လုပ် အိမ်ထောင်ရေး မသာမယာ ဖြစ်ပါရော။ ဥပမာပြရရင် လင်က လခထုတ်လာတဲ့အခါ မယားက ဘာကိုဘယ်လို သုံးပစ်ခဲ့သလဲ။ ဘာညာလိုက်ပြီးစစ်ပါရော၊ လင်ဖြစ်တဲ့လူက ငါ့ရှာတဲ့ပိုက်ဆံ ငါလုပ်ချင် တာလုပ်မယ်ဆိုပြီး အရွဲ့တိုက်ပါရော။ အဲဒီလိုနှင့် ငွေရေးကြေးရေးကြောင့် ဆူပူနေတဲ့ အိမ်ထောင်မှာ အမျိုးသမီးဟာ ကိုယ့်ယောကျ်ားအပေါ်မှာ မကျေနပ်တာကို လူမသိအောင် မဖုံးဖိရင် တကက်တက်စင်အောင်လွဲ၊ အင်မတန် ဂုဏ်ပျက်ပါတယ်။ ကိုယ့်အဖို့မှာ ကိုယ့် ယောကျ်ားဟာ ကိုယ့်ကိုပြုစုစောင့်ရှောက်မည့် လင်တစ်ယောက်ဖြစ်သလို မိန်းမဟာလည်း လင်ယောကျ်ားရဲ့ဂုဏ်သိက္ခာကို ဘာပဲဖြစ်ဖြစ် ထိန်းသိမ်းအပ်တဲ့တာဝန်ရှိပါတယ်။ တကယ် ပဲ ကိုယ့်ယောကျ်ားဟာ ဆိုးပေနေပါစေ။ လင်ယောကျ်ား မိတ်ဆွေသင်္ဂဟ အပေါင်းအသင်း အကြီးအကဲတွေရှေ့မှာ မိန်းမက ယောကျ်ားအပေါ်ကို ဂုဏ်ပျက်အောင် ဘာတစ်ခုမှမလုပ်ဖို့ သတိထားရပါမယ်။ ကိုယ့်မိန်းမအပေါ်မှာတောင် ဒါလောက် သစ္စာမရှိတဲ့ မကြင်နာတဲ့လူပဲ ဆိုပြီး နေရာတကာ လူများအထင်သေးသွားရင် ကိုယ့်ယောကျ်ားဟာ အလုပ်တောင် ထိခိုက်သွားနိုင်ပါတယ်။

ကဲ ယောကျ်ားဘက်က ချွတ်ယွင်းတာကလေးလည်း ပြောချင်ပါသေးတယ်။ ယောကျ်ားတစ်ယောက်ဟာ မိန်းမယူကတည်းက သူဌေးသမီးပဲယူယူ၊ ဆရာဝန်မကြီး၊ မိန်းမဝတ်လုံကြီးပဲယူယူ မိန်းမဟာ သူယူတဲ့ယောကျ်ားကို အားကိုးချင်တယ်။ ယောကျ်ားက ပေးတာကမ်းတာကလေးကို လိုချင်တယ်။ ယုယကြင်နာမှုကို ရချင်တယ်ဆိုတာ နားလည် ပြီးသားဖြစ်ရမည့်အပြင် အိမ်ထောင်တစ်ခုခုကို လူချင်းတူတူ သူချင်းမျှမျှ ကိုယ့်အဆင့်

mgyee.com

mgyoe.com
အတန်းနှင့်ညီမျှအောင် ကိုယ့်အိမ်သုံးစရိတ် ဘယ်လောက်လိုမယ်ဆိုတာ တွက်ပြီး ဖြစ်ရပါမယ်။ သိပြီး ဖြစ်ရပါမယ်။ ဒီအနည်းဆုံးလိုမည့် ငွေကလေးတော့ ကိုယ့်မယားကို ပေးကြဖို့ သင့်ပါတယ်။ ဒါကလေးမှမပေးလို့ရှိရင် မိန်းမလုပ်တဲ့သူဟာ မယားဝတ်ကျေပွန်နိုင်ဖို့ လူချင်းတူအောင်နေနိုင်ဖို့ ဘယ်နည်းနှင့်မှ မစီမံနိုင်ပေဘူး။ မိဘက ပိုက်ဆံရှိလို့ မိဘပိုက်ဆံသုံးဖန်များလည်း ကြာတော့ မိဘဆွေမျိုးအလယ် မျက်နှာငယ်တာတစ်ကြောင်း၊ ကိုယ့်ဘဝကို မဖန်တီးနိုင်လို့တစ်ကြောင်း စိတ်ဟာ အမျိုးမျိုး အားငယ်ဖောက်ပြန်လာတတ်ပါတယ်။ တချို့ယောကျ်ားတွေကျပြန်တော့ လောကအကြောင်း နားမလည်လို့ပဲ ဆိုရမှာပေါ့ရှင်။ ဂရုစိုက်သင့်တဲ့ကိစ္စကလေးတွေတောင် ဂရုမစိုက်တော့ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်ကြရပါတယ်။ ဥပမာဆိုပါတော့။ ကိုယ့်ဇနီးဖြစ်တဲ့သူ မမာမကျန်းဖြစ်တဲ့အခါ ကိုယ်ဝန်တာရှိလို့ မပေါ့မပါးဖြစ်နေရင် ဆရာဝန်များ ဆေးရုံများရှိရာကို ကူညီဖေးမပြသပေးဖို့ မွေးတဲ့ဖွားတဲ့အခါ လိုမည့်စရိတ်စက ကလေးထောက်ပံ့ဖို့ စတဲ့ ကိစ္စတောင် သတိမေ့ထားတတ်ကြပါတယ်။ တစ်ခါတလေ မိဘအိမ်သွား မီးဖွားကြ၊ မိဘကပဲ တာဝန်ခံလိုက်ကြ။ တချို့ကျတော့ မိန်းမဟာ ကိုယ့်ဝင်ငွေ သို့မဟုတ် မိဘအထောက်အပံ့မရှိ ဒီလို မသိတတ်တဲ့ ယောကျ်ားနှင့် တွေ့ရတော့ လုံချည်ပေါင်၊ ရွှေပေါင်ပြီး ဖြည့်စွမ်းရတယ်။ တစ်ခါတစ်ရံတော့ မိန်းမတွေဟာ ယောကျ်ားကို မပြောရဲလို့ နေကြရတယ်။ တစ်ခါတလေတော့လည်း လင်နှင့်မယား ဒါကလေးတွေလောက်တော့ သိတတ်လောက်ပါတယ်။ မကြင်နာလို့ မပေးလည်း နေပါစေဆိုပြီး ကိုယ့်မာနနှင့်ကိုယ် ထင်တာလုပ်၊ ကြာတော့ မိန်းမဟာ ကိုယ်ယူထားရတဲ့ယောကျ်ားကို ကိုယ်အားမကိုးရတော့ အရွယ် အကျင့်စာရိတ္တ ကိုယ့်ပညာအခြေခံအလိုက် ထင်ရာလုပ်ပစ်လိုက် ပြောပစ်လိုက်နှင့် အဆင်မပြေဖြစ်ရတာ တွေ့ရပါတယ်။ ဒီတော့ ယောကျ်ားလုပ်တဲ့လူကလည်း မိန်းမတစ်ယောက်ယူမိရင် ကိုယ့်ဇနီးကို စားဖို့လုံလောက်အောင် ပေးသင့်ပါတယ်။ ဇနီးမှာ ငွေကြေးချမ်းသာနေသည့်တိုင်အောင် တကယ်အရေးကြီးတဲ့အချိန်မှာ အားပေးဖို့လိုပါတယ်။ မိန်းမဆိုတဲ့အမျိုးအစားဟာ အားနွဲ့တဲ့လူချည်းဖြစ်တော့ အားကိုးနိုင်ခွင့်ရှိရင် အားကိုးချင်ကြတယ်။ အားကိုးခွင့်မရှိတဲ့ လက္ခဏာသွင်ပြင်ကို တွေ့ရရင် စိတ်အားငယ်တတ်တယ်ဆိုတာ သတိထားရပါမယ်။

နိုင်ငံခြားများမှာဆိုရင် အိမ်ထောင်ပြုမည့် အမျိုးသား အမျိုးသမီးတွေကို ဖခင်ကောင်းသင်တန်း၊ မိခင်သင်တန်းတွေကို လူမှုဝန်ထမ်းဌာနတွေက ပေးကြရပါတယ်။ နောက် ဘာသာရေးအသင်းအဖွဲ့က ဦးစီးပြီးတော့လည်း မိန်းမနှင့်ယောကျ်ား တစ်ယောက်ကိုတစ်ယောက် ဘယ်လိုသဘောထား၊ ထားရှိအပ်တယ်ဆိုတာ လက်မထပ်ခင် ယောကျ်ားကလေးတစ်လှည့်၊ မိန်းကလေးတစ်လှည့် ဆွေးနွေးဟောပြော နောက် အတူတူ နှစ်ယောက်
mgyoe.com

စလုံး ပေါပြောပြီး လူသိနတ်ကြား သမီးရည်းစားဘဝမှာပဲ အဆင်ပြေကြပြီဆိုမှ လက်ထပ်ကြတဲ့ကိစ္စတွေကို တွေ့ခဲ့ရပါတယ်။

ဘဝအခြေခံချင်း မတူလျှင်လည်း အိမ်ထောင်ရေး အဆင်မပြေတတ်ပါဘူး။ ဥပမာပြရရင် ကြီးပြင်းလာတဲ့ ပတ်ဝန်းကျင်ချင်းမတူတဲ့ အမျိုးသမီးနှင့် အမျိုးသားဆိုပါတော့။ မိန်းကလေးဟာ ပိုက်ဆံသာ အဓိကထားရှာပြီး အိမ်မှာ သပ်ရပ်သေချာမှုကို အဓိကမထားဘဲ သမီးကို ဆင်ပြင်ပြီးလာတဲ့ မိဘနှင့် ကြီးခဲ့ရတယ်ဆိုပါတော့။ ယောကျ်ားကလေးကတော့ ပစ္စည်းဥစ္စာ အမြောက်အမြား မရှိပေမယ့်လို့ အိမ်သပ်သပ်ရပ်ရပ် အိမ်ထောင်မှုလှလှပပ သာယာအောင် နေချင်တဲ့လူဖြစ်နေရင် ဒီအမျိုးသမီးဟာ သူ့ကိုယ်သူလှဖို့လောက်အရေးထားပြီး ယောကျ်ားနေချင်တဲ့ နေအိမ် အဆင့်အတန်းကို မဖန်တီးနိုင်တော့ ကျေနပ်မှုမရဘဲ ဖြစ်တတ်ပါတယ်။ ဒီကိစ္စမျိုးမှာ မိန်းမက ယောကျ်ားကို မလိုက်လျောနိုင်ရင် အိမ်ထောင်ရေးမှာ ကတောက်ကဆဖြစ်ကြတဲ့ ပြဿနာမျိုးတွေလည်း တွေ့ဖူးရပါတယ်။

နောက်တစ်မျိုး အိမ်ထောင်ရေးအဆင်မပြေမှုကတော့ ယောက္ခမ၊ မိဘ၊ ယောက်မတွေကြောင့်လည်း ဖြစ်တတ်ပါတယ်။ ဒါဟာ မိန်းမဘက်ကလည်း အနန္တောအနန္တဂိုဏ်းဝင်မိဘဖြစ်တော့ ကိုယ့်ယောကျ်ားမိဘဟာလည်း ကိုယ့်မိဘလို သဘောထားပြီး ပြုစုသင့်ပါတယ်။ ယောကျ်ားကလည်း မိန်းမမိဘများကို ဒီလိုပဲ သဘောထားရပါမယ်။ ယောက္ခမတွေ မိဘတွေဘက်ကလည်း သားသမီးရယ်လို့ ညှာတာရပါမယ်။ အမှန်စစ်စစ် ကိုယ့်မှာပြည့်စုံနေလျှင် သားသမီးများမှာ ခြစ်ခြစ်ခြုတ်ခြုတ် စားသောက်နေရရင် ကိုယ့်ကြောင့်ကိုယ့် သားသမီး ဝန်တက်မယ့်ကိစ္စတွေက မပြုလုပ်အပ်ပါဘူး။ သားသမီးတွေကလည်းကိုယ့်မိဘ အခြေအနေမှန်သိရင် ကိုယ်က တတ်နိုင်ရင် မိဘလက်ဝါးဖြန့်တောင်းတာစောင့်မနေဘဲ ပေးကမ်းထောက်ပံ့သင့်ပါတယ်။ ဒါပေမဲ့လို့ မိဘဖြစ်စေ၊ ယောက်မ၊ ခယ်မ၊ မရီး ဖြစ်ပဲ ဖြစ်စေ အရှေ့တိုင်းထုံးစံအရ တစ်အိမ်ထဲနေကြရရင် မယားအခွင့်အရေးကိုယောက်မတို့ ခယ်မ၊ မရီးတို့ မကျူးကျော်ဖို့ ယောက္ခမမိဘဟာလည်း မိဘဆိုရင် မိဘအခွင့်အရေးကို အလွဲမသုံးစားဘဲ ကိုယ့်သား ကိုယ့်သမီးဟာ သူတို့ဘဝကို သူတို့ ဖန်တီးနိုင်တဲ့အရွယ် ရောက်ကြပြီဆိုပြီး ကိုယ့်စည်းကိုယ့်ကမ်းနှင့် လူကြီးကလည်း လူကြီးပီပီ၊ လူငယ်တွေ လေးစားရှိသေအောင်၊ လူငယ်တွေကလည်း လူကြီးကို လူကြီးနေရာပေးပြီး နေကြရင် သာယာတဲ့အိမ်ထောင်နှင့် နေနိုင်ပါလိမ့်မယ်။ ဒါ ငါ့သား ငါ့သမီး ငါပိုင်တယ်ဆိုပြီး နိုင်ထက်စီးနင်းလုပ်ကြရင် သုံးဦးသုံးဖလှယ် စိတ်မချမ်းမသာ ဖြစ်ကုန်ကြရပါလိမ့်မယ်။ တစ်ယောက်နှင့်တစ်ယောက် သားနှင့်အမိ၊ လင်နှင့်မယား စပ်ကြား အထင်မှားအောင် ပြောမှုဆိုမှုတွေလည်းမလုပ်ဖို့ အရေးကြီးပါတယ်။

mgyoe.com

mgyoe.com

နောက် ပြဿနာတစ်ခုကတော့ အိမ်ထောင်ပြုပြီး မျက်စိအောက် တစ်မိုက်တစ်ထွာ လောက်သာကြည့်ပြီး သားသမီးတွေရှိလျက်နှင့် သောက်စား၊ လောင်းကစား ခပ်ပေါ့ပေါ့ နေတတ်တဲ့ ယောကျ်ားနှင့် ပူတတ်တဲ့မိန်းမရကြရင် သို့မဟုတ် ကိုယ်လှပဖို့၊ ဝတ်ရဖို့၊ စားရဖို့သာ အရေးထားပြီး လင်တော့ ကြွေးတင်တင် ဘာဖြစ်ဖြစ် လုပ်တတ်ကြတဲ့ ဇနီးမျိုး ရတဲ့ လင်ယောကျ်ားတွေမှာလည်း အိမ်ထောင်ရေးအဆင်မပြေကြတဲ့ ပြဿနာတွေဟာ အများကြီးပါပဲ။

ဒီလောက် အချိန်ကလေးနှင့် ကျွန်မ ဖော်ပြနိုင်တဲ့ပြဿနာဟာ လက်ငင်းပေါ်လာတဲ့ ပြဿနာတွေရဲ့ အပုံတစ်ထောင်ပုံရင် တစ်ပုံလောက်ပဲ ရှိပါလိမ့်မယ်။ ဒါကြောင့်လည်း စာဆိုတော် ဦးပုညက အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး ဒီ (၃) ချက် ဉာဏ်မပိုင်လျှင် နောင်ပြင်နိုင်ခဲတဲ့အမျိုး အစရှိသဖြင့် စပ်ဆိုထားခဲ့ပေတာပဲ။ ဒါပေမဲ့လို့ လောကအကြောင်း ဒိုးလိုမွှေနိုင်တဲ့ဆရာကြီးမို့ သူ့ခြွင်းချက်က "ဒီသုံးချက်ဉာဏ်မပိုင်လျှင်" လို့ ဆိုထားပါတယ်။ ဉာဏ်ပိုင်ရင်တော့ ဒီဒုက္ခ ဒီပြဿနာတွေဟာ တွေ့ရဦးတော့၊ အများကြီး သက်သာနိုင်တော့၊ အိမ်ထောင်ရှင်တွေဟာ ဉာဏ်ပိုင်ဖို့ အရေးကြီးပါတယ်။ ဉာဏ်ဆိုတာဟာလည်း အသိတရားရှိဖို့ပါပဲ။ ခေတ်စကားနဲ့ဆိုရင်တော့ နားလည်မှုဆိုတာမျိုးပေါ့။ ဒီတော့ အိမ်ထောင်ပြုပြီးလို့ ကိုယ့်ဘဝကိုယ် သာယာအောင်လုပ်နိုင်ဖို့ဟာ အသိအလိမ္မာ ရှိအောင် လိမ္မာမည့်စာပေတွေ ဖတ်၊ တရားတဲ့ မြတ်တဲ့ စိတ်တွေမွေး၊ ထမင်းချက်၊ သနပ်ခါးလိမ်း၊ ရေချိုးနှင့် အချိန်မကုန်စေဘဲ အိမ်မှုကျေပွန်လို့ ပိုတဲ့အချိန်မှာ ဗဟုသုတရှာမှီးပြီး လိမ္မာအောင် ကြိုးစားကြပါလို့သာ ရတဲ့အချိန်ကလေးနှင့် တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်ရှင်…။

❑

mgyoe.com

mgyoe.com

# မယားနှင့် နွား

ကျွန်မတို့ အိမ်ရှင်မ၊ အမျိုးသမီးတွေကို ယခုတစ်ပတ် ဘယ်လိုပညာမျိုးများ ပေးရပါမလဲလို့ ကျွန်မက တွေးနေတုန်း၊ ကျွန်မတို့ မြန်မာအမျိုးသားတွေဟာ စကားနိုင်လု ပြီး တစ်ခါတစ်ခါ မယားနှင့်နွား မသနားနှင့်လို့ မယားကို နွားနှင့်နှိုင်းတာကလေးတွေ၊ တစ်ခါတလေတော့ မြင်းအုန်းခွံ၊ ကျွန်ကုလား၊ မယားတောသူ အစရှိသည့် စာချိုးတာတွေ သွားသတိရတော့ ကျွန်မတို့တစ်တွေရဲ့ အိမ်ထောင်သာယာရေးဟာ နှစ်ဦးနှစ်ဝရဲ့ စိတ်ဓာတ်၊ စေတနာပေါ်မှာ တည်ရှိတာမို့ အိမ်ထောင်ရှင်အမျိုးသမီး အမျိုးသားတွေကို မူမှန်တဲ့ ပညာရေးကလေး ပေးချင်ပါတယ်ရှင်။

ဒီလိုတွေးလိုက်တော့ တွေ့ဖူးတဲ့အဖြစ်အပျက်ကလေးတစ်ခု စိတ်ထဲမှာ ပေါ်လာခဲ့ ပါတယ်။ ကျွန်မခင်ပွန်းသည်ဟာ ကျွန်မတို့ရပ်ကွက်မှာ ကြံခိုင်ရေးဥက္ကဋ္ဌဖြစ်တော့ တစ်နေ့ မှာ အမျိုးသမီးကလေးတစ်ဦးဟာ ဦးဆံဖားလျားနှင့် ကလေးတစ်ယောက် ရင်ခွင်ပိုက်ပြီး ကလေးတစ်ယောက်ကို လက်ဆွဲပြီး ကျွန်မတို့အိမ် ရောက်လာပါတယ်။ သူ့ခမျာမှာ ဖိနပ် လည်းမပါ တော်တော်မောလာပုံရပါတယ်။ အကျိုးအကြောင်းမေးကြည့်တော့ သူ့ ယောကျ်ားကရိုက်လို့ ထွက်ပြေးပုန်းရှောင်နေရတယ်ဆိုတာ သိရပါတယ်။ သူ ပြောပြတာ ကတော့ သူ့ယောကျ်ားဟာ မိန်းမငယ်လည်း တိတ်တိတ်ပုန်းယူထားပြီး သောက်စားမူးယစ်၊ နေအိမ်ပြန်လာတဲ့အခါလည်း မယားကို အပြစ်ရှာပြီး ရိုက်လိုရိုက်၊ ယခုလည်း ရိုက်လို့ ကလေးနှစ်ယောက်ခေါ်ပြီး ထွက်ပြေးလာရတယ်ဆိုတာ တိုင်ရှာပါတယ်။ နောက်ထပ် တိုင်တာကတော့ စားဖို့သောက်ဖို့လည်း လုံလောက်အောင်မပေးတော့ သူ အလုပ်သွားတဲ့

mgyoe.com

mgyoe.com
အခါ အိမ်နီးချင်း၊ တတ်နိုင်တဲ့အိမ်ကအဝတ်ကို လက်ခစားနှင့်ယူလျှော်ပြီး မီးပူတိုက်ရတဲ့ အကြောင်း၊ သူပြန်လာလို့ ဒီလိုလုပ်နေတာတွေ့ရင် ဘယ်လင်ငယ်ဟာ လုပ်ပေးနေရသလဲ လို့ ရိုက်ပြန်သတဲ့။ ဒီတော့ သူပြန်လာမည့်အချိန်ကြည့်ပြီး သူ့ခမျာမှာ ပုန်းလို့သာနေရရှာ သတဲ့။ တစ်ခါတစ်ခါ တွေ့သွားပြန်လည်း လက်ခံတဲ့အိမ်ပါမနေရဘဲ ဆဲဆိုခြိမ်းခြောက်ပြီး ရိုက်နှက်လေတော့ သူတို့ကိစ္စကို ဘယ်အိမ်နီးချင်းမှလည်း မကူညီနိုင်တဲ့ဘဝရောက်နေလို့ ကယ်ပါဆိုတာ လာပြောပါတယ်။ ကျွန်မတို့လည်း သူပြောတာ တစ်ဖက်သတ်ယုံရမှာ လည်း အခက်၊ မယုံရမှာလည်းအခက်ပေါ့ရှင်။ သူ့ရုပ်ရည်ရူပကာ ကြည့်လိုက်တော့လည်း ညှိုးညှိုးငယ်ငယ်။ ကလေးတွေကြည့်လိုက်ပြန်တော့လည်း အင်အားချည့်နဲ့ပြီး ဝဝလင်လင် စားရသောက်ရပုံမပေါ်တော့ အတော်သနားစရာကောင်းပါတယ်။

မယားလုပ်တဲ့လူက ကြံရာမရလို့ သူ့ယောကျ်ားအလုပ်ရှင်ဆရာသမားကို ဆုံးမ ပေးပါလို့ တိုင်တဲ့အခါ၊ ဆရာသမားက သူ့ခေါ်ဆုံးမရင် "နင်တိုင်လို့ပဲ၊ ငါအလုပ်ပြုတ်ရင် နင့်သတ်ပစ်မယ်" လို့ ကြိမ်းမောင်းပြီး ရိုက်ပြန်သတဲ့။ ဒီတော့ လင်မယားစပ်ကြားမှာ ကျွန်မတို့က တော်တော်ကူညီဖို့ အခက်တွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့က အမျိုးသမီးကလေးကို နှစ်သိမ့်ရာနှစ်သိမ့်ကြောင်း ပြောလွှတ်ရသော်လည်း သူ့ယောကျ်ား သာ တကယ် ဒီလိုဆိုးနေရင် ဒီကလေးမကလေးတော့ ဒုက္ခပါပဲဆိုတာ ကျွန်မက သနား မိပါတယ်ရှင်။ အားနွဲ့တဲ့ အမျိုးသမီးတစ်ဦးကို အားအင်ကြီးမားတဲ့ ယောကျ်ားတစ်ဦးက ရိုက်နှက်ကန်ကျောက်တာတော့ အမျိုးသမီးက မှားနေသည့်တိုင်အောင် ဆုံးမနည်းဟာ မမှန်ဘူးလို့ ယူဆမိပါတယ်။ မှန်တာ မမှန်တာအပထား။ တချို့တော့ ဒေါသစိတ်နဲ့ ထိပ်ပေါက်ခေါင်းကွဲစေရုံမက စွန့်ပစ်ကြတာတွေလည်း သတင်းစာတွေထဲမှာ တွေ့မိကြမှာ ပါပဲရှင်။

အဲဒီလို အဆင်မပြေတဲ့ကိစ္စကလေးတွေဟာ ကျွန်မဦးနှောက်ထဲမှာ မပျောက် မပျက်သေးခင်ဘဲ ကျွန်မကို မိခင်လိုအားကိုးတဲ့ အမျိုးသမီးလေးတစ်ဦးနဲ့ တွေ့မိပါတယ်။ ဒီကလေးမကလေးဟာ သူများမှာဆိုရင် ပညာသင်တဲ့အရွယ်ဖြစ်ပေမယ်လို့ သူ့မှာတော့ မောင်နှမများတဲ့အတွက် ကျောင်းမနေရဘဲ မိဘရဲ့အိမ်တွင်းမှုတွေ ကူညီနေရရှာပါတယ်။ မောင်နှမကလည်း ရှစ်ယောက်၊ ကိုးယောက်ဆိုတော့ အစ်မအကြီးအနေနှင့် တော်တော် ကလေး ပင်ပန်းရှာပါတယ်။ ဒါပေမဲ့လို့ ကလေးမကလေးက ကျွန်မကို "သူ့မှာ ဘယ်တော့ မှ ဖခင်ရဲ့ မျက်နှာသာပေးခြင်းမခံရဘူးဆိုတာ ပြောပြပါတယ်။ သူ့မိခင်ခမျာဟာလည်း သူ့ဖခင်ကို နှစ်ဦးနှစ်ဝ မေတ္တာမျှလို့ ယူခဲ့ကြရပေမယ်လို့ လင်လုပ်တဲ့လူက ဆူပူကြိမ်းမောင်း တာတစ်မျိုး၊ ဘာပဲလုပ်လုပ် စိတ်တိုင်းများ နည်းနည်းမကျရင် (၇) အိမ်ကြား (၈) အိမ်ကြား
mgyoe.com

အမေရော၊ သားသမီးရော ဆဲရေးတိုင်းထွာ ရိုက်နှက်တတ်တဲ့အပြင် တစ်ခါတစ်ခါ ဝိုင်ယာကြိုးနှင့် ရိုက်တာတောင် ခံနေရလို့ သားအမိတစ်တွေမှာ မျက်ရည်စက်လက်နှင့် နေရပါတယ်။ စိတ်ချမ်းသာအောင် ဘယ်လိုလုပ်ရပါမလဲလို့ မေးရှာပါတယ်။

ဒီကိစ္စလည်း မလွယ်တဲ့ကိစ္စကြီးပါရှင်။ အမျိုးသမီးလုပ်တဲ့လူမှာ သားတွေ သမီးတွေလည်း လူပျိုအပျိုဖြစ်နေပြီး နို့စို့ကလေးထိအောင် ဒီလင် ဒီမယား သားအဖ၊ မြေးအဖေ ဘဝထိ ပေါင်းလာရက်နှင့် ဒီအသက် ဒီအရွယ်အထိ အရိုက်အနှက်မကင်း၊ အဆူအပူမကင်းရင် အိမ်ဟာ ဆူပူရုံမက၊ သားသမီးကလေးတွေလည်း စိတ်ဓာတ်ပျက်ကုန်တာတွေ့ရတော့ အလွန်သနားစရာ ကောင်းလှပါတယ်။ ကျွန်မက အိမ်သာယာအောင် ဖခင်စိတ်တိုင်းကျ မင်းတို့တစ်တွေရော၊ မင်းတို့အမေရော ကြိုးစားလုပ်ကိုင်နေထိုင်ကြပါလို့ ပြောတော့... သူတို့မှာ ဘာပဲလုပ်လုပ် အဆဲမလွတ်တော့ အားလုံး မွန်ထူနေကြပြီး ဘာလုပ်ရမှန်းမသိတော့ပါဘူးဆိုတာကို ပြောပြပါတယ်။ ဒီကိစ္စတွေဟာ နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းပြီးမှ ပြုပြင်လို့ရစကောင်းတဲ့ကိစ္စတွေဆိုတော့ ကျွန်မအဖို့မှာ သနားစာနာ ညည်းညူရုံကလွဲပြီး ဘာမှမပြောတတ်တော့ပါဘူး။

ကျွန်မဟာ အမျိုးသမီးတွေ တိုးတက်ရာ တိုးတက်ကြောင်း ယခုလို တာဝန်ယူပြောဆိုနေတဲ့အချိန်ကစပြီး အမျိုးသမီးတွေရဲ့ တိုင်ကြားချက်တွေ၊ အကြံတောင်းတဲ့စာတွေ၊ ခဏခဏ ကြားရဖတ်ရတော့ ... ကျွန်မတို့အမျိုးသမီး မြောက်မြားစွာဟာလည်း သာယာဖြောင့်ဖြူးတဲ့ အိမ်ထောင်ရေး လိုလားနေကြတယ်ဆိုတာလည်း ကိုယ်တိုင် ကြားသိနေရတော့... တစ်နည်းနည်းတော့ ပြုပြင်ရေးလိုနေတယ်ဆိုတာတော့ အဖြေထွက်လာပါတယ်။

ကျွန်မတို့ မကြာခင်က ဆွေးနွေးခဲ့တဲ့ တိုကျိုက လင်ကောင်းဖြစ်သင်တန်းမှာတော့ သူတို့က သင်ချင်တဲ့အမျိုးသားတွေကို နိုင်ငံရေးဘောဂဗေဒ အနုပညာနှင့် အိမ်ထောင်ထိန်းသိမ်းရေးတွေ သင်ကြားပေးမယ်ဆိုတာ သတင်းစာမှာ တွေ့ရပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဒီသင်တန်းမျိုးဖွင့်ပေးလည်း တတ်မည့်သူရှိချင်မှ ရှိပေလိမ့်မယ်။ ပလက်ဖောင်းပေါ် အမှိုက်မပစ်ပါနှင့်။ ဘတ်စ်ကားမှာ ဆေးလိပ်မသောက်ပါနှင့်ဆိုတာတောင် ချုပ်ချယ်ရန်ကော၊ ဆရာလုပ်ရန်ကောလို့ မကြိုက်ကြတော့ ကျွန်မတို့အခြေအနေက တော်တော်ခက်ပါသေးတယ်ရှင်။

ဘောဂဗေဒမှာ တွက်ရေးရှိမရှိတော့ မပြောပါနှင့်တော့။ ဥပမာ မြန်မာပြည်တွင်းဖြစ် ပစ္စည်းတစ်ခုဟာ ဈေးက ၁၀ ကျပ်ကျတယ်။ ဒီပစ္စည်းမျိုး အမျိုးအစားချင်းမကွာဘဲ နိုင်ငံခြားကလာရင် ၁၅ ကျပ် ပေးရတယ်ဆိုပါတော့။ ကျွန်မတို့တစ်တွေက ပြည်တွင်းဖြစ်က ဘာကြောင့် ဈေးပေါတယ်။ နိုင်ငံခြားက ဘာကြောင့် ဈေးကြီးတယ်ဆိုတာ မတွက်ပါဘူး။

ဗမာဖြစ်ပဲ ဘာကောင်းမှာတုံး အဖိုးနည်း အရိုးကြဲပေါ့ဆိုပြီး အဖိုးများတဲ့ နိုင်ငံခြားကုန် ဝယ်သုံးတတ်ကြတယ်။ တကယ့်ဆိုတော့ ပြည်တွင်းမှာလုပ်တဲ့ကုန်တွေဟာ ကုန်ရိုင်း လောက်သာ နိုင်ငံခြားကဝယ်ရတော့ အလုပ်သမားလက်ခ ဗမာနိုင်ငံက သက်သာတယ်။ နောက်ပြီး အကောက်အခွန်၊ သယ်ယူပို့ဆောင်ခ၊ စရိတ်အစစ သက်သာသွားတော့ ရောင်း ရာမှာ အဖိုးသက်သာပါတယ်။ ဒီအဖိုးသက်သာလို့ အမျိုးမှာညံ့ရမယ်လို့ မယူဆအပ်ပါဘူး။

ဒါတွေကို အတွက်အချက်မတတ် မချွေတာလို့ နိုင်ငံစီးပွားတက်ဖို့တွေ အရှည် မစဉ်းစားတတ်ရင် အိမ်ထောင်ရဲ့ စီးပွားရေးချို့တဲ့ပြီး လင်မယား တကျက်ကျက်ဖြစ်တာ လည်း ရှိတတ်ပါတယ်။ တစ်ခါတစ်ခါတော့လည်း မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ ရောဂါတစ်မျိုးမျိုးကြောင့် အလိုလို စိတ်တိုနေတာတွေလည်း ရှိပါတယ်။ အနောက်နိုင်ငံ တွေမှာတော့ ယခုလို အိမ်ထောင်ရေးအဆင်မပြေမှုတွေရှိရင် မခံမရပ်နိုင်တဲ့အခါ လူမှု ဝန်ထမ်းအရာရှိတွေဆီ စာရေးတာလည်းရှိပါတယ်။ တစ်ခါတစ်ခါတော့ ရုံးမှာ ကွာလိုမှု ရှင်းလိုမှုကိစ္စတွေရောက်လာတဲ့အခါ ရုံးမင်းကနေပြီး လူမှုဝန်ထမ်းအရာရှိတွေကို အဲဒီလို အိမ်ထောင်မျိုးရဲ့ အခြေအနေကို သွားရောက်လေ့လာပြီး အစီရင်ခံဖို့ ညွှန်ကြားပါတယ်။ ဒီလိုအခါမှာ လူမှုဝန်ထမ်းအရာရှိက ဘယ်သူ့အပြစ်လဲ၊ ဘာကြောင့်လဲဆိုတာတွေ နီးနီး ကပ်ကပ်၊ စေ့စေ့စပ်စပ်လေ့လာပြီး နည်းအမျိုးမျိုးနဲ့ ကုစားပေးကြပါတယ်ရှင်။

ကျွန်မတို့နိုင်ငံမှာတော့ ဗမာ့စရိုက်နဲ့ညီအောင် ဘယ်လိုသင်ကြားကြရပါမလဲလို့ စဉ်းစားမိပါတယ်။ ဒီလို သင်တန်းပေးတဲ့အခါ အမျိုးသားတွေဘက်ကလိုက်ပြီး မယားနှင့် နွား မသနားနှင့်။ မယားနေစ ကြောင်သေမှဆိုတဲ့ ရှေးထုံးတွေပဲ ပြန်သင်မလား။ အမျိုး သမီးတွေဘက်ကလိုက်ပြီး မယားရိုသေ အသက်ရှည်တယ်တို့၊ မယားရှိခိုး သွားမကျိုးဘူး တို့များ သင်ရမလား။ သို့လော သို့လော တွေးတောမိပါတယ်။ ဒါတွေကလည်း လူရွှတ် လူနောက်တွေက ငါ့စကားနွားရ၊ အနိုင်လုပြီး ထွင်ထားတဲ့စကားတွေမို့ အရာမဝင်ပါဘူး ရှင်။ ကျွန်မတို့ ရှေးလူကြီးတွေထားခဲ့တဲ့ မှျမှျတတ စံတင်လောက်တဲ့စကားတွေလည်း ရှိပါတယ်။ လင်နှင့်မယား လျှာနှင့်သွားတို့၊ မောင်တစ်ထမ်း မယ်တစ်ရွက် စတဲ့ စကားတွေ ပါပဲ။ လင်နှင့်မယားဟာ ပါရမီဖြည့်ဖက်လို့ သဘောထားပြီး သားတွေ သမီးတွေ ရပြီးကြမှ သူငယ်နှပ်စားလို ရိုက်နှက်ဆူပူလုပ်နေကြတာဟာ လူကြီးလုပ်တဲ့လူတွေကိုက ထထကြွကြွ ဝီရိယရှိရပါမယ်။ နီးနီးကြားကြား အကင်းပါး အရိပ်အကဲ ခန့်မှန်းတတ်ရပါမယ်။ လူငယ် တွေအပေါ် သနားတတ်ပြီး သည်းခံရပါလိမ့်မယ်။ အကြောင်းကိစ္စကြီးငယ်ရှိလာရင် မျက်နှာကြီးငယ်မလိုက် အဂတိလေးပါးမလိုက်စားဘဲ ဝေဖန်ဆုံးဖြတ်တတ်ရပါမယ်။ အဲဒီလို မဝေဖန်တတ်ရင် လူကြီးအနေနှင့် ဆုံးဖြတ်ရာမှာ တစ်ဖက်စောင်းနင်း ဖြစ်တတ်ပါ

mgyoe.com

တယ်။ နောက်ဆုံးတာဝန်ကတော့ ကြည့်ရှုစောင့်ရှောက်ခြင်းပါပဲ ဒါကလည်း ဘယ်လူမျိုး မဆို စိတ်ကောင်းကလေးတစ်ခုရှိရင် ကျင့်နိုင်တဲ့ကိစ္စပါပဲရှင်။ ဘုရားဆုပန်ဖြစ်တဲ့ လင်ယောကျ်ားတွေဟာ မယားနှင့် သားသမီးတွေအပေါ် ဒီဝတ္တရားငါးပါးနှင့် ချင့်ချိန် စောင့်ရှောက်မယ်ဆိုရင် အားလုံးကျေနပ်မှုရနိုင်ပါတယ်။

ဒီတော့ ကျွန်မပြောချင်တာက ဟိုနိုင်ငံကလို သင်တန်းမျိုး၊ ဒီနိုင်ငံကလို ဝန်ထမ်း အရာရှိမျိုးတွေကို တွေးပြီး ရှည်ရှည်ဝေးဝေး ကြံနေစရာမလိုပါဘူး။ ကျွန်မတို့ မြန်မာ ယဉ်ကျေးမှုနှင့် ဘာသာဝင်အားလုံး လက်ခံနိုင်တဲ့ ဒီကျင့်ဝတ်ကလေးတွေပဲ ကျေကျေပွန်ပွန် စေတနာရှိရင် ကျင့်ကြံရင် ပျော်ရွှင်ချမ်းသာတဲ့ အိမ်ထောင်ရေးရကြပါလိမ့်မယ်လို့ပဲ နိဂုံး ချုပ် အကြံပေးခဲ့ပါရစေတော့ရှင်။

❑

mgyoe.com

mgyoe.com

# သားသမီးပြဿနာ

လက်ထပ်ထိမ်းမြားပြီး အကြင်လင်မယားဖြစ်လာကြရင် အိမ်ထောင်ရေးပြဿနာတွေဟာ ဘယ်လောက်ပေါများတယ်ဆိုတာ ကျွန်မ အရင့်အရင်က ပြောခဲ့ပါပြီ။ အဲဒီ မြောက်မြားလှတဲ့ပြဿနာအပြင် သားရေးသမီးရေးဟာ အိမ်ထောင်ကို ပိုမိုစိုပြည်သာယာလာနိုင်သလို တစ်ခါတစ်ခါ သားရေးသမီးရေးကြောင့်လည်း အိမ်ထောင်ရေးမှာ စနောင့်စနင်း ဖြစ်ကြတတ်ပါတယ်။ ပထမဦးဆုံးဖြစ်တတ်တဲ့ပြဿနာကတော့ အိမ်ထောင်ပြုလို့ တစ်နှစ်၊ နှစ်နှစ်ရှိကြရင်ပဲ အိမ်ထောင်ရှင်တွေဟာ သားသမီးရချင်ကြတယ်။ အိမ်ထောင်ရှင်နှစ်ဦးမှာ လင်ကဖြစ်ဖြစ်၊ မယားကဖြစ်ဖြစ် သားသမီးအလွန်ရချင်ပြီး တစ်ဦးဦးရဲ့ ချွတ်ယွင်းချက်ကြောင့် သားသမီးမရကြရင် တစ်ခါတလေ အိမ်ထောင်ရေးအဆင်မပြေ ဖြစ်တတ်ကြပါတယ်။ လင်ယောကျ်ားက သားသမီးလိုချင် သားသမီးလည်းမရနိုင်ရင် တချို့ လင်ယောကျ်ားဟာ မယားငယ် သားငယ် ယူစမ်းကြလို့ အဆင်မပြေဖြစ်ကြတာတွေလည်း ကြားဖူးပါတယ်ရှင်။ ဒီပြဿနာဖြေရှင်းဖို့ကတော့ အိမ်ထောင်ပြုတဲ့အခါ သားကောင်းသမီးကောင်းရချင်တဲ့ အမျိုးသားတွေဟာ လူပျိုဘဝတည်းက သန့်သန့်ရှင်းရှင်း၊ ကျန်းကျန်းမာမာ ယောကျ်ားကောင်း ပီသရပါမယ်။ အမျိုးသမီးကလေးတွေလည်း မီးယပ်ပိန် မီးယပ်ခြောက်ဖြစ်မနေရအောင် ဣရိယာပုတ် မျှတအောင် ကျန်းမာရေး ဂရုစိုက်ရပါမယ်။ အိမ်ထောင်ပြုတဲ့အခါလည်း အလျင်စလိုမပြုဘဲ ကိုယ့်ကျန်းမာရေးကို ဆရာဝန်များနှင့် စမ်းသပ်ပြီးမှ အိမ်ထောင်ပြုကြရင် အကောင်းဆုံးပါပဲ။

mgyoe.com

နောက်တစ်ခုကတော့ အိမ်ထောင်ပြုလိုက်တာနဲ့ သားသမီးက တစ်နှစ်တစ်ယောက် ဆိုသလို မွေးကြပါရော။ ခုခေတ်ကြီးမှာ ကလေးထိန်းတို့ ဘာတို့ကလည်း ဈေးကြီး၊ အိမ်မှာ ကလေးကငို၊ သေးကစို၊ ဒန်တိုကပျောက်၊ လင်ကငေါက်၊ သားပေါက်မ လင်နေ မှားပါပေါ့ဆိုတဲ့အဖြစ်မျိုး ရောက်ကုန်ကြပါရော။ ကလေးကြောင့် အိမ်သန့်ရှင်းရေး၊ ဖွပ်ရေးလျှော်ရေး၊ စားသောက်စရာ အချိန်မီ ချက်ပြုတ်ရေးတွေမှာ အချိန်မမီဖြစ်တော့ ကလေး ငေါက်လိုငေါက်၊ လင်ကို စိတ်ကောက်လိုကောက်၊ လင်ကလည်း သားကို မဲလိုမဲ၊ မယားဆဲလိုဆဲနှင့် အိမ်ထောင်မသာယာဖြစ်ကြပါရော။ ဒီလိုပြဿနာပေါ်နေတဲ့ အိမ်ထောင်ရှင်တွေကို ကျွန်မက အကြံပေးချင်တာက အိမ်ထောင်ပြုရင် သားသမီးရမှာပဲဆိုတာ ကြိုတင်မြင်ပြီး နားလည်ပြီးဖြစ်ကြတော့ အပြစ်မရှိတဲ့ကလေးတွေကို မမြော်မမြင်ဘဲ ငြူစူခြင်း၊ ငေါက်ငမ်းခြင်း မပြုကြစေလိုပါဘူး။ ကလေးဟာ လူတန်းစေ့ကလေးထက် ပိုပြီးဆိုးနေရင် အမိအဖ အပြုအစု စနစ်ဖယားညံ့လို့ဆိုတာ ယူဆရပါမယ်။ မိခင်လောင်း ဖြစ်တဲ့ အမျိုးသမီးဟာ ကိုယ်ဝန်ရှိလာတယ်ဆိုရင်ပဲ ဝမ်းမှာလွယ်ထားရတဲ့ ကလေး ကျန်းမာ အောင်၊ ကိုယ်တိုင်လည်း ကျန်းမာအောင် ဂရုစိုက်ပြီး ကလေးမွေးမြူရေးနှင့်ပတ်သက်တဲ့ စာအုပ်တွေ ဖတ်သင့်ပါတယ်။ စာဖတ်တဲ့အခါလည်း တကယ်တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်တွေ ရေးတဲ့စာအုပ်များ၊ ရွေးချယ်ဖတ်သင့်ပါတယ်။ တကယ်လို့ ဇနီးလုပ်တဲ့လူက မဖတ်တတ် ရင် ယောကျ်ားလုပ်တဲ့လူက ဖတ်ပြီး ဇနီးကိုပြောပြပါ။ အနောက်နိုင်ငံတွေမှာ အထူးသဖြင့် အမေရိကန်နိုင်ငံမှာ မိခင်လောင်းသာမဟုတ်ပါဘူး။ သားသမီးရတော့မယ်ဆိုရင် ဖခင်လုပ်မည့် ဖခင်လောင်းကိုပါ ကလေးအတွက် ဘယ်လိုကူညီရမယ်ဆိုတာ ဆရာဝန် တွေက သွန်သင်ကြပါတယ်။ ကျန်းမာရေးဆရာမတွေကလည်း နည်းပေးပါတယ်။ နောက် အစိုးရ ကျန်းမာရေးဌာနကလည်း စာရွက်စာတမ်းတွေ ထုတ်ဝေကြပါတယ်။

ရှေးခေတ်က အမျိုးသမီးတွေနှင့် ယခုခေတ် အမျိုးသမီးတွေဟာ မတူကြပါဘူး။ ရှေးခေတ်က စီးပွားရေး ချောင်လည်တယ်။ လူမှုကိစ္စတွေလည်း မကျယ်ဝန်းလှတော့။ မိခင်တွေဟာ အိမ်မှာ အများကြီး အချိန်ပေးနိုင်ပါတယ်။ သမီးမိန်းကလေးဆိုလည်း အများအားဖြင့် သေစာရှင်စာကလေးဖတ်တတ်ရင် ကျောင်းကနုတ်ပြီး အိမ်မှာ မိခင်ကို ချက်ရာပြုတ်ရာ ကလေးအငယ်တွေ စောင့်ရှောက်ရာမှာ ကူညီရတော့ သမီးမိန်းကလေးဟာ မိခင်ရဲ့ အိမ်တွင်းမှုရေးရာတွေကို လက်တွေ့ဆည်းပူးပြီး ဖြစ်ပါတယ်ရှင်။ ခုခေတ်က ပြောင်းလာတော့ သမီးမိန်းကလေးတွေဟာ ကျောင်းမှာနေရတာနှင့် အချိန်ကုန်ပါတယ်။ တချို့ စိတ်ဝင်စားပြီး စေ့စပ်သေချာတဲ့မိခင်တွေကသာ အိမ်တွင်းမှုကိစ္စတွေ ကျောင်းဆင်း ချိန် ကျောင်းပိတ်ချိန်ကို သင်ပေးကြပါတယ်။ တချို့ကတော့ အမှုမဲ့အမှတ်မဲ့ပဲ နေလိုက်ကြ

တော့ အိမ်ထောင်ကျတဲ့အခါ မနိုင်မနင်းဖြစ်ကြရတာပေါ့။ အိမ်ထောင်ပြုတယ်၊ မိန်းမက အိမ်ကို ထိန်းသိမ်းရတယ်ဆိုတာလည်း ကမ္ဘာ့အစဉ်အလာဖြစ်နေတော့ အိမ်ထောင်ပြုမယ် စိတ်ကူးရင် သားရေး သမီးရေးပါ စဉ်းစားပြီး ကြိုတင်ပြင်ဆင်ပြီး ဖြစ်ရပါမယ်။

သားသမီး မွေးမြူရေးနှင့်ပတ်သက်ပြီး ကျွန်မပြောပြချင်တာကတော့ ကျန်းကျန်းမာမာနှင့် မွေးလာတဲ့ကလေးဟာ အစာကို မှန်မှန်ကျွေး၊ စည်းကမ်းနှင့်မွေးတတ်ရင် ကလေးဟာ ၃ လလောက်ထိ ဆာတဲ့အချိန်ကလွဲပြီး ငိုခဲပါတယ်။ ဆာချိန်မဟုတ်ဘဲငိုရင် တစ်ခါတလေ မသန့်ရှင်းလို့ ပုရွက်ဆိတ်တို့ ခြင်တို့ ကိုက်လို့ပဲဖြစ်ဖြစ်၊ ဆီးပူဝမ်းပူလောင်ပြီး အသားစပ်နေတဲ့အခါဖြစ်ဖြစ် ငိုတတ်ပါတယ်။ တစ်ခါတစ်ရံတော့လည်း ဝမ်းတို့ဆီးတို့ ဖောက်ပြန်လို့လည်း ဖြစ်တတ်ပါတယ်။ အဲဒီလိုဖြစ်တဲ့အခါ မိခင်လုပ်တဲ့လူက ကလေးငိုရင် ဆာချိန်လား ကြည့်ရပါမယ်။ ဆာချိန်မဟုတ်လို့ရှိရင် အထက်ပြောခဲ့တဲ့အတိုင်း ကလေးများ ပုရွက်ဆိတ်အစ ကိုက်ပြနေသလား။ အနီးဖွင့်ကြည့်ဖို့ ကောင်းပါတယ်။ အသားကလေးတွေများ လောင်ပြီး အရေပြားများ ကွာနေသလား ကြည့်ရပါမယ်။ ဒါပေမဲ့လို့ တစ်ခု သတိထားရမှာက ကလေးငယ်များဟာ တစ်ခါတစ်ခါတော့ သူတို့အသံကို သူတို့ကြားတဲ့အခါ သူတို့အစွမ်းအစနှင့် အော်နိုင်တယ်ဆိုပြီး အော်ကြည့်တတ်ကြပါတယ်။ ကလေးက အဲ့ဆိုတိုင်း မိခင်ကလိုက်ကြည့်နေရင် ကလေးက နည်းနည်းအသိဉာဏ် ဝင်လာရင် မိခင် လာကြည့်စေချင်တာနှင့်ပဲ ခဏခဏ အသံပေးတတ်ကြပါတယ်။ ဒီတော့ ကလေးပုခက်၊ အိပ်ရာဟာ သန့်သန့်ပြန့်ပြန့်ရှိရပါမယ်။ ပူအိုက်တဲ့ဒေသဆိုရင် လေကောင်းလေသန့်ရတဲ့ နေရာမှာ သက်သောင့်သက်သာနေရအောင် သေသေချာချာ သိပ်ထားရပါမယ်။ ကလေးငို တိုင်း အကြောင်းကို မစိစစ်ဘဲနှင့် ငိုတိုင်းနို့တိုက်ရင် ကလေးဟာ ဝမ်းဖောဝမ်းရောင် အစာမကြေဖြစ်ပြီး ပိုပြီးဒုက္ခများတတ်ပါတယ်။ အဲဒီလို တစ်ခါတလေ မကျန်းမမာဖြစ်ပြီ ဆိုရင် ကလေးလည်း အားနည်းသွားပြီး တခြားရောဂါဝင်လာရင် အမေလုပ်တဲ့လူရော ကလေးရော ပင်ပန်းပါရော။ ဒီတော့ ကလေးကြောင့် အိမ်ထောင်ဟာ မသာမယာဖြစ်ကြ ရပါတယ်။

တချို့ မိခင်တွေဟာ ဆေးရုံက စည်းကမ်းပေးလိုက်ရင် အိမ်ကျကလေးကို မိခင်နှင့် အတူတူ ခေါ်အိပ်၊ ညလည်း နို့ထတိုက် စည်းကမ်းပျက်တော့ လူပန်းပါတယ်။ ကျွန်မတို့ လေ့လာမိသမျှ မွေးစကလေးတွေဆိုရင် နို့ကို သုံးနာရီ သို့မဟုတ် လေးနာရီ တစ်ကြိမ် တိုက်ကြပါတယ်။ ယခုတလော အမေရိကန်နိုင်ငံက မိခင်များဆိုရင် ကလေးနို့တိုက်တဲ့ အခါမှာ စိတ်ရှည်ရှည်နှင့် ဝအောင်တိုက်ပြီး သိပ်ထားပါတယ်။ ကလေးဟာ ၃ နာရီ၊ ၄ နာရီထိ အိပ်နေရင် အချိန်ကျပြီဆိုပြီး ကလေးကို နို့တိုက်လေ့မရှိပါဘူး။ ကလေးဟာ

mgyoe.com

mgyee.com

နောင်တစ်ခါ ဆာတဲ့အချိန်ကျမှ နို့တိုက်ပါတယ်။ ဒီတော့ ကလေးအိပ်နေချိန်မှာ မိခင်ဟာ အိမ်မှုကိစ္စတွေ အချိန်ခပ်ကြာကြာ လုပ်နိုင်ပါတယ်။ နောက် မိခင်တွေ ဂရုစိုက်ရမယ့်ကိစ္စက ဆီးတို့ ဝမ်းတို့ပါပဲ။ ကလေးဟာ ခါးကလေးခိုင်လာတယ်ဆိုရင်ပဲ ဝမ်းကို အိုးကလေးနှင့် သွားတတ်အောင် သူဝမ်းသွားတဲ့အချိန်ကို အကျင့်လုပ်ပေးရင် ကလေးဟာ အကျင့်ရပြီး အနီးထဲမသွားတော့ပါဘူး။ ဒီတော့ အမေမှာ အနီးလျှော်ရ သက်သာ၊ ဆပ်ပြာကုန်၊ အချိန်ကုန်၊ အဝတ်ပွန်း အားလုံး သက်သာသွားနိုင်ပါတယ်။ ဆီးကိစ္စလည်း ဒီလိုပါပဲ။ ကလေးဟာ နို့စို့ပြီး တစ်နာရီနှင့် တစ်နာရီခွဲခြားမှာ ဆီးသွားတတ်ပါတယ်။ ဒီတော့ ဆီးသွားချိန်မှတ်ပြီး ဆီးကို အိုးထဲသွားတတ်အောင် အလေ့အထလုပ်ထားရင် ကလေးဟာ အကျင့်ပါသွားပါလိမ့်မယ်။ အဲဒီတော့မှ အနည်းနှင့်အများ အလုပ်သက်သာပါလိမ့်မယ်။ ကလေးကို သိပ်တော့မယ်ဆိုတိုင်း ဆီးတည်ပေးရင် အိပ်ရာထဲမှာ ကြာကြာအိပ်ပြီး အိပ်ရာခင်းလျှော်ရ သက်သာပါလိမ့်မယ်ရှင်။

နောက် ကျွန်မတို့ တချို့မိခင်တွေဟာ ကလေးကို အမြဲ ချီပိုးပြီး အလုပ်လုပ်တတ်ကြပါတယ်။ ဥပမာ ရှမ်းပြည်က မိခင်တွေဟာ ကလေးကိုထုပ်ပြီး ကျောမှာ လွယ်ထားတတ်ကြပါတယ်။ သူတို့ခမျာမှာတော့ လယ်သမား၊ ယာသမားတွေဆိုတော့ ကလေးငယ်ကလေး အိမ်မှာထားခဲ့ဖို့ ကိုယ်ခွဲမရှိ။ နို့မှုန့်ဖျော်တိုက်ဖို့လည်း မတတ်နိုင်ဆိုတော့ ကျွန်မတို့ ဘယ်လိုမှမတတ်နိုင်ပါဘူး။ အိမ်ပြန်လို့ ချက်ပြုတ်လုပ်ကိုင်နေရင်သာ ကလေးကို ချထားဖို့ အကြံပေးရပါတယ်။ အိမ်မှာပဲနေတဲ့မိခင်တွေကတော့ ကလေးကို လက်ကြိုက်မနေအောင် သူ့ဘာသာသူ လက်တို့ ခြေတို့ လှုပ်ရှားကစားပြီး သန်မာနေအောင် လွတ်လွတ်လပ်လပ်ထားသင့်ပါတယ်။ တချို့ကျပြန်တော့ ကလေးကို အထိန်းတွေ အချီတွေ နာနီတွေနှင့်ပဲ အခါခပ်သိမ်း ပစ်ထားတတ်ကြပြန်ရော။ ဒါလည်းပဲ မကောင်းပါဘူး။ နို့ဘူးတိုက်တဲ့ကလေးပဲဖြစ်ဖြစ်၊ နို့တိုက်ချိန်မှာ မိခင်ဟာ ကလေးကို ယုယပိုက်ထွေးမှုခံရမှ အားကိုးရမှ စိတ်ပညာပါရဂူများရဲ့ ယူဆချက်အရ လူတန်းစေ့တဲ့စိတ်ဓာတ်နှင့် ကြီးပြင်းလာနိုင်ပါတယ်။

ကျွန်မ ပြောခဲ့သလို ကလေးကို စည်းကမ်းကျကျ မိခင်ဟာ ကျကျနနမွေးတတ်ရင် အဲဒီသားကလေး သမီးကလေးဟာ မိခင် ဖခင် အပန်းဖြေစရာ အသက်ရှိတဲ့ အရုပ်ကလေးများလို အလွန်ချစ်စရာကောင်းပြီး ဒီသားကလေး ဒီသမီးကလေးတွေကြောင့်ပဲ ဇနီးမောင်နှံရဲ့ အချစ်ကြိုးဟာ ပိုမိုခိုင်မြဲလာနိုင်ပါတယ်။ သို့ပေမယ်လို့ သွေးနှင့်ကိုယ်၊ သားနှင့်ကိုယ် တစ်ခါတလေ မကျန်းမမာဖြစ်မယ်ဆိုတာလည်း ကြိုတင်သိထားပြီး ကလေးဖြစ်ဖြစ်၊ လူကြီးဖြစ်ဖြစ်၊ မကျန်းမမာတဲ့အခါ လင်နှင့်မယား တိုင်တိုင်ပင်ပင် ခေါင်းအေးအေး

mgyee.com

mgyoe.com

ထားပြီး ကူညီစောင့်ရှောက်ကြရင် သားသမီးကြောင့် အိမ်ထောင်ရေးမှာ ပြဿနာမပေါ် တော့ဘဲ ပျော်စရာကောင်းတဲ့ မိသားစုကြီး ဖြစ်လာပါလိမ့်မယ်ဆိုတာ ဖော်ပြပြီး နိဂုံးချုပ်ပါရစေတော့ရှင်။

❑

mgyoe.com

mgyoe.com

## မိခင်နှင့်ရင်သွေး

ကျွန်မတို့တစ်တွေဟာ ခုဆောင်းတွင်းဆို ပွဲလမ်းသဘင်တွေ ခဏခဏ ကြုံရတဲ့ လမို့ ကျွန်မလည်း တစ်ခါတလေ လူစည်ကားတဲ့ သဘင်ပွဲတွေသွားရင်း မြင်ခဲ့ရ တွေ့ခဲ့ရ တာကလေးတွေ အမြင်မတော်တာကလေးတွေ ပြောခွင့်ရတုန်း မိခင်နှင့်ကလေးအကြောင်း နည်းနည်း ပြောပြချင်ပါတယ်။

မဟော်သဓာ ဇာတ်တော်ကြီးမှာ ဘီလူးမနှင့် လူမိန်းမ သားလုတဲ့အခါ လူမိန်းမ ဟာ သူ့သားအစစ်ဖြစ်ရက်နှင့် သားကလေး နာကျင်သွားမှာစိုးတဲ့အတွက် ဘီလူးမဆွဲတာကို လက်လျှော့ပြီးကြည့်နေတာကလေး မှတ်မိကြပါလိမ့်မည်။ ဒီပုံကလေး စပြောရတာက မိခင်ဟာ သားသမီးကို ဘယ်လောက်ချစ်ရတယ်ဆိုတာ လေးနက်စေချင်လို့ပါပဲ။ ကလေး ဂျာနယ်ပေါ်စက ကျွန်မက သားသမီးကလေးတွေကို ကလေးဂျာနယ် လစဉ်ဝယ်ပေးပါ တယ်။ ကလေးဂျာနယ်ကပါတဲ့ သံပေါက်ကလေး အလွတ်ကျက်ပြီး မနက် မနက်ကျရင် သားသမီးကလေးတွေဟာ မောင်နှမလေးယောက် စုစုပြီး သားအကြီးက ၉ လလွယ်ကာ ၁၀ လမှာ မွေးရှာခဲ့ပေလို့ တိုင်ပေးလိုက်ရင် သူ့ညီမနှင့် ညီကလေးတွေက တို့မေမေလို့ ပြန်ဖောက်ပြီး တို့မေမေ သံပေါက်ကလေး ရွတ်ရွတ်နေကြတာ ကျွန်မ သွားသတိရပါတယ်။ မိခင်ဆိုတာ ကလေးကို အလွန်ချစ်ခင်ရတယ်။ ကလေးငယ်ကလေးတွေဆိုတာလည်း ဖဝါးလက်နှစ်လုံး ပခုံးကလေး လက်နှစ်သစ်က လူဖြစ်အောင် မွေးယူရတဲ့ နုနယ်တဲ့ သတ္တဝါကလေးတွေဖြစ်တော့ မိခင်ဖခင်ကမှ မညှာရင် သူတို့ဟာ သေဖွယ်ရာသာ ဖြစ်ပါ တယ်ရှင်။

mgyoe.com